ASIA WORLD COMPANY LIMITED
No. 61-62, BAHOSI DEVELOPMENT, WADAN STREET, LANMADAW TOWNSHIP, YANGON, MYANMAR.
TEL: 225271, 225982, 222422, 225184
FAX: +95 225184
www.asiaworldcompany.com

**Press Release**

# ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိလာသော တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်အား နေပြည်တော်ရှိ Horizon Lake View Resort မှ ဂုဏ်ပြုကြိုဆို




**Horizon Lake View Resort တွင် စိုက်ထူထားသော တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်အား ကြိုဆိုသည့်ဆိုင်းဘုတ်**



**တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်လိုက်ပါလာသော ယာဉ်တန်းအား Horizon Lake View Resort မှ နွေးထွေးစွာ ကြိုဆိုနှုတ်ဆက်**

**နေပြည်တော်၊ မြန်မာနိုင်ငံ၊ ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်** – Horizon Lake View Resort ("HLVR") သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင် နှစ်နိုင်ငံကြားဆက်ဆံရေး (သို့) "ပေါက်ဖော်" ချစ်ကြည်ရေး ပိုမိုတိုးတက်စေရန် မြန်မာနိုင်ငံသို့ လာရောက်သည့် ခရီးစဉ်ကို ကြိုဆိုခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ဇန်နဝါရီလ ၁၇ ရက်မှ ၁၈ ရက်နေ့ထိ လာရောက်ခဲ့သည့် အဆိုပါ ခရီးစဉ်သည် ခိုင်မာသောသမိုင်းကြောင်းအစဉ်အလာ၊ စီးပွားရေးကူးသန်းရောင်းဝယ်ရေးနှင့် သံတမန်ဆက်ဆံရေးတို့ဖြင့် ယှဉ်တွဲနေထိုင်နေသော နှစ်နိုင်ငံကြား သံတမန်ဆက်ဆံရေး နှစ် ၇၀ ပြည့်အထိမ်းအမှတ်အဖြစ် လာရောက်ခဲ့ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆက်ဆံရေးသည် နှစ်နိုင်ငံကြား သံတမန်ဆက်ဆံရေး တရားဝင်အသိအမှတ်ပြုလက်ခံခဲ့သည့် ၁၉၅၀ ခုနှစ်မှ စတင်ခဲ့ပါသည်။

အဆိုပါ ချစ်ကြည်ရေးခရီးစဉ်ကာလအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်နှင့် ၎င်း၏ အစိုးရအဖွဲ့ဝင်ကိုယ်စားလှယ်များအား အေးရှားဝေါလ်လုပ်ငန်းစုပိုင်အဖြစ် စီမံခန့်ခွဲနေသော နေပြည်တော်ရှိ Horizon Lake View Resort မှ ကြိုဆိုညေ့ခံခဲ့ပါသည်။ မြန်မာနိုင်ငံ၏ နိုင်ငံတော်အဆင့် ဧည့်ဂေဟာစီမံကိန်းတွင် တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်နေသော HLVR သည် အမျိုးသားခေါင်းဆောင်များကိုလည်း ဧည့်ခံဝန်ဆောင်မှုပေးခဲ့ပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီအား အေးရှားဝေါလ်လက်အောက်ခံလုပ်ငန်းစုဖြစ်သော Pioneer Aerodrome Company Limited မှ စီမံခန့်ခွဲနေသော နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ကြိုဆိုခဲ့ပါသည်။

"သမ္မတရှီနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံကိုယ်စားလှယ်အဖွဲ့ကို HLVR မှာ ဧည့်ခံကြိုဆိုခွင့်ရတာ ဂုဏ်ယူစရာပါပဲ။ ၂၀၂၀ ခုနှစ်ဟာ မြန်မာ - တရုတ် နှစ်နိုင်ငံ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးနှစ်ဖြစ်တာနဲ့အညီ သဘာဝအလှတရားနဲ့ ရှုခင်းတွေပြည့်နှက်နေတဲ့နိုင်ငံဖြစ်ပြီး ဧည့်ဝတ်ကျေပွန်ဖော်ရွေမှုကြောင့်လည်း လူသိများတဲ့ နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံကို ပြည်ပကလာရောက်လည်ပတ်သူတွေ၊ အထူးသဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဧည့်သည်တွေ လာရောက်လည်ပတ်ဖို့မျှော်လင့်ပါတယ်။" လို့ HLVR ၏ CEO ဖြစ်သူ Mr. Jerzy Wilk က ပြောကြားခဲ့ပါသည်။

**ASIA WORLD COMPANY LIMITED**
No. 61-62, BAHOSI DEVELOPMENT, WADAN STREET, LANMADAW TOWNSHIP, YANGON, MYANMAR.
TEL: 225271, 225982, 222422, 225184
FAX: +95 225184
www.asiaworldcompany.com

**– END –**

## About Asia World Group of Companies

## A Journey Together in Myanmar

အေးရှားဝေါလ်ကုမ္ပဏီကို ၁၉၉၂ ခုနှစ်တွင် ကုန်သွယ်ရေးနှင့် ဆောက်လုပ်ရေးကုမ္ပဏီအဖြစ် စတင်တည်ထောင်ခဲ့ပါသည်။ အေးရှားဝေါလ်ကုမ္ပဏီသည် အခြေခံအဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်း၊ အိမ်ခြံမြေတိုးတက်ဖွံ့ဖြိုးရေးနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စွမ်းအင်၊ ကုန်ထုတ်လုပ်ရေး၊ ကုန်သွယ်ရေး၊ ဖြန့်ချိရေးနှင့် အရောင်းဆိုင်ခန်းများ၊ အာမခံလုပ်ငန်းနှင့် ခရီးသွားလာရေးလုပ်ငန်းများကို မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တွင်ကျယ်စွာ လုပ်ကိုင်လျက်ရှိပါသည်။

ကုမ္ပဏီစတင်တည်ထောင်ခဲ့ချိန်မှစ၍ ယနေ့အထိ ဆယ်စုနှစ်နှစ်ခုကျော်အတွင်း အေးရှားဝေါလ်ကုမ္ပဏီမှ အရည်အချင်းပြည့်ဝပြီး တက်ကြွစိတ်အားထက်သန်သော ဝန်ထမ်းပေါင်း ၈၀၀၀ ကျော်ကို ပျိုးထောင်လေ့ကျင့်ပေးခဲ့ပြီးဖြစ်ပါသည် အေးရှားဝေါလ်ကုမ္ပဏီအနေဖြင့် မိမိတို့၏ မိတ်ဖက်အဖွဲ့အစည်းများ၊ အဖွဲ့ဝင်လုပ်ငန်းစုများ၊ ဝန်ထမ်းများနှင့် ပြည်သူလူထုအကြား အပြန်အလှန်အကျိုးပြုသည့် ဆက်နွယ်မှုကို အလေးထားယုံကြည်ပါသည်။

အေးရှားဝေါလ်ကုမ္ပဏီသည် လုပ်ငန်းစွမ်းဆောင်ရည်ပြည့်ဝမှု၊ ရိုးသားပွင့်လင်းမှုနှင့် စီမံခန့်ခွဲမှုတို့တွင် ဂုဏ်ယူဝင့်ကြွားစွာ၊ အဆင့်အတန်းမြင့်မားစွာဖြင့် ရပ်တည်လျက်ရှိပါသည်။ ရှေ့ဆက်၍လည်း အေးရှားဝေါလ်ကုမ္ပဏီ၏ လုပ်ဆောင်ချက်များတွင် အကောင်းမွန်ဆုံးရလဒ်များ ထွက်ပေါ်လာရေး ဆက်လက်ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါသည်။